**Eco resorts လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂေဟာအပန်းဖြေဆိုင်ရာ လမ်းညွှန်ချက်များ (Eco lodge Guidelines) အရ ဆောင်ရွက်ရမည့်လုပ်ငန်းများ**

- သစ်တောဦးစီးဌာနနှင့် ICIMOD တို့ပူးပေါင်း၍ "ဂေဟာအပန်းဖြေဆောင်ဆိုင်ရာ လမ်းညွှန်ချက်များ" (Eco lodge Guidelines) ကို ၂၀၁၇ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့ပါသည်။
- **Eco lodge** ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ ပညာပေးခြင်း၊ ခရီးသွားဧည့်သည်များ၏ မိမိကိုယ်မိမိ တာဝန်ယူမှုနှင့် ဒေသခံပြည်သူများ၏ တက်ကြွသောပူးပေါင်းပါဝင်မှု စသည့်အချက်များ အဓိကပါဝင်သော လုပ်ငန်းဖြစ်ပါသည်။
- **Eco lodge/Eco resorts** ဂေဟာအပန်းဖြေဆောင်၊နားနေဆောင်များ တည်ဆောက်ရာတွင် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်-
  - အဆောက်အဦများသည် ပတ်ဝန်းကျင်နှင့်ဂေဟာစနစ်ကို ထိခိုက်ပျက်စီးစေမှု၊ ဇီဝမျိုးစုံမျိုးကွဲများအပေါ် အနှောင့်အယှက်ဖြစ်စေမှု အနည်းဆုံးဖြစ်စေရန်၊
  - ဖိမ်ခံ၊ အထပ်မြင့်၊ ထူးဆန်းပုံစံများ မဖြစ်စေဘဲ ဒေသရှိ သစ်၊ ဝါး၊ ကြိမ်တို့ကဲ့သို့ ပစ္စည်းများနှင့် ဦးစားပေးဆောက်ရန် လိုပါမည်၊
  - သဘာဝအခြေခံ/ ဂေဟဗေဒ/ ဒေသနှင့်ကိုက်ညီမှု၊ ရာသီဥတုနှင့်လိုက်လျောညီထွေမှုဖြစ်စေသည့် ဒီဇိုင်းပုံစံကို ရွေးချယ်ဆောင်ရွက်ရန်၊
  - စွမ်းအင်နှင့် ရေအသုံးပြုမှုကို အနည်းဆုံးဖြစ်စေသည့် ပုံစံ၊ ဆိတ်ငြိမ်စွာ အပန်းဖြေနိုင်သည့် ပုံစံဖြစ်ရပါမည်၊
  - စွန့်ပစ်ပစ္စည်းများကို ပြင်ပသို့ ယူဆောင်ခြင်း၊ မီးရှို့ဖျက်စီးခြင်းတို့ပြုလုပ်ရန်နှင့် ရေဆိုး များကို သဘာဝချောင်း၊ ရေကန်၊ အင်း၊ အိုင်၊ မြစ်များအတွင်းသို့ မစွန့်ပစ်ရန်၊
- **Eco resorts** လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဗဟုသုတနှင့် အသိပညာပေး လုပ်ငန်းများကို ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ပါသည်-

- သဘာဝပတ်ဝန်းကျင်၊ဂေဟဗေဒနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာများနှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများ ပြသခြင်း၊
- ဒေသခံတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများတို့ကို ဗဟုသုတ၊ အသိပညာပေးနိုင်ရေးပြသခြင်း၊
- ဒေသခံတိုင်းရင်းသားရိုးရာအကများ၊ အစားအသောက်များ၊ လူနေမှုစရိုက်များကိုပါ လေ့လာ ကြည့်ရှုနိုင်သည့် အခွင့်အလမ်း ထည့်သွင်းခြင်း၊
- ဒေသ၏ ရိုးရာပုံပြင်ဇာတ်လမ်းများကို သရုပ်ဖော်ပြသခြင်း၊
- သတင်းအချက်အလက်များဖြန့်ဝေခြင်း(Visitors Center သို့မဟုတ် Information/ Education Exhibits များ ထည့်သွင်းရန် လိုအပ်ပါသည်။)

- **Eco resorts** လုပ်ငန်းများဆောင်ရွက်ရာတွင် **CSR/ PES/ Biodiversity Offset** လုပ်ငန်းများ ထည့်သွင်း ဆောင်ရွက်ရန်လိုအပ်ပါသည်-
  - လုပ်ငန်းမှရရှိသည့် အကျိုးအမြတ်၏ ရာခိုင်နှုန်းအချိုးတစ်ခုကို **CSR** လုပ်ငန်းစဉ်အတွက် ပြန်လည်ထည့်ဝင်ပေးခြင်း၊
  - ဒေသခံများ အမြင်တွင် ၎င်းတို့ဘဝကို ပိုမိုတိုးတက်လာစေသည့် လုပ်ငန်းအဖြစ် သိသာမြင်သာလာစေခြင်းနှင့် နားလည်ပူးပေါင်းပါဝင်လာစေခြင်း၊
  - ဂေဟစနစ် ပျက်စီးယိုယွင်းမှုအတွက် ပြန်လည် တည်ထောင်ပေးသည့် လုပ်ငန်းများ လုပ်ဆောင်ပေးခြင်း၊
  - ဒေသခံတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ပိုမိုတိုးတက်လာစေခြင်း၊
  - နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်များ ရယူထားခြင်း၊